# ဓမ္မသီချင်းတို့၏ရာဇဝင် (Blessed Assurance)



သီချင်းစာသား – Fanny J. Crosby

သံစဉ်စပ်ဆိုသူ – Phoebe P. Knapp

"ငါတို့သည် သစ္စာနှင့် ပြည့်စုံသောသဘောရှိ၍ ဝိစိကိစ္ဆာ နှင့် ကင်းသော ယုံကြည်ခြင်း၌ တည်လျက်၊ စိတ်နှလုံးကို သံဝေဂ တရားနှင့် လွတ်အောင် ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်း ရှိပြီးမှ၊ အထံတော်သို့ ချဉ်းဝင်ကြကုန်အံ့" ( ဟေဗြဲ ၁၀ း ၂၂)။

(၁၉) ရာစုနောက်ပိုင်း မူးဒီ၊ စိန်ကီ၊ ဘလီးစ် နှင့် ဖန်နီ ဂျေ ခရော်စ်ဘီ တို့ ကို ဘုရားသခင်အသုံးပြုခြင်းအားဖြင့် ခရစ်ယာန် ဓမ္မသီချင်းတို့၏ ကဏ္ဍသည် ပို၍ အရေးပါလာသည်။ ခရော်စ်ဘီ ၏ ပါဝင်မှုသည် ခရစ်ယာန် ဓမ္မတေးနှင့် ဇေ၀ံဂေလိလုပ်ငန်းတွင် လွန်စွာ ထိရောက်လှပါသည်။ စာရေးဆရာ တစ်ယောက်က အောက်ပါအတိုင်းရေးသားခဲ့ဘူးသည်။

ဇေ၀ံဂေလိ ဓမ္မသီချင်း (Hymn) သည် ခရစ်ယာန်တေးသီချင်းကဏ္ဍကို အထောက်အကူအပြုဆုံးဖြစ်သည်။ ဇေ၀ံဂေလိ ဓမ္မသီချင်း (Hymn) သည် မာကျောသော မျက်နှာပြင်များကို ထွန်ယက် တူးဖော်သည်။ ၎င်း၏ သီသာ ထင်ရှားခြင်းသည် ၎င်း၏ အစွမ်းဖြစ်သည်။ ၎င်းမှာ လူတို့၏ တေးဂီတဖြစ်သည် (ရောဘတ် အမ်စတီဗင်ဆန်)။

Fanny J. Crosby သည် သူမ၏ အသက်တာတစ်ခုလုံးတွင် ဇေ၀ံဂေလိ သီချင်းပေါင်း (၈၀၀၀) ကျော်ခန့်ကို ရေးသားခဲ့သည် ဟု ခန့်မှန်းရသည်။ သူမ၏ ဓမ္မသီချင်း တို့ကို အခြားသော သီချင်းများထက် ယနေ့တိုင် ပို၍ သီဆိုကြသည်။ သူမ ကြိုက်နှစ်သက်သော သီချင်းများစွာတို့မှာ ကုန်လွန်ခဲ့သော ရာစုနှစ် တစ်လျှောက်အတွင်း ပြုလုပ်ခဲ့သည့် ဇေ၀ံဂေလိ ဆိုင်ရာဝတ်ပြု စည်းဝေးပွဲများတွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။

မျက်မမြင်တစ်ယောက် ဖြစ်သော Fanny J. Crosby သည် ဝိညာဉ်ရေးရာ သမ္မာတရားကို အမှီပြုကာ Proliferation နှင့် ဤ မျှလောက် များစွာသော ဓမ္မတေးများကို စပ်ဆိုနိုင်ခဲ့သည်မှာ အမှန်တကယ် အံ့သြဖွယ်ရာ ဖြစ်သည်။ သူမ အသက်ရှင်စဉ် တေးသီချင်း ထုတ်ဝေသူ တစ်ယောက်နှင့် စာချုပ် ချုပ်ဆိုခဲ့စဉ်တွင် တစ်ပတ်လျှင် ဓမ္မသီချင်း သုံးပုဒ်ရေးသားနိုင်ခဲ့သည်။ သူမ၏ နဂိုမူလ သီချင်းစာသားတို့မှာ ယနေ့တိုင် ရှိနေပြီ မကြာခင် ပုံနှိပ်ထုတ်ဝေရန် ရှိသည်ဟုလည်းသိရှိရသည်။ သူမ စပ်ဆိုသော ဓမ္မသီချင်းအတော်များများသည် အကြောင်းအရာတစ်ခုခု ကြောင့် သီချင်းသစ် လိုချင်သူ ဌေ့သည် ဓမ္မအမှုတော်ဆောင် များ၏ အကြံပေးချက် များကြောင့် စပ်ဆိုဖြစ်သော ဓမ္မတေးများဖြစ်သည်။ အချို့သော အချိန်များတွင် တေးသွားဖက်တွင် ကျွမ်းကျင်သော မိတ်ဆွေများက သံစဉ်စပ်ဆိုပြီး Fanny J. Crosby အားစာသားထည့်ပေးရန် တောင်းဆို ကြသည်။ Blessed Assurance ဓမ္မတေးသည် ဤ ပုံစံဖြစ် မွေးဖွါးလာသော သီချင်းဖြစ်သည်။

ဤဓမ္မတေး၏ တေးသွားသံစဉ်ကို တေးဂီတ ဖက်တွင် ဝါရင့်သူ တစ်ဦးဖြစ်သည့် Fanny J. Crosby ၏ မိတ်ဆွေ ဖီဘီနက်ပ် က စပ်ဆိုခဲ့သည်။ တစ်နေ့တွင် မျက်မမြင် ကဗျာဆရာမ Fanny J. Crosby အတွက် မစ္စ နက်ပ် က ဤ သံစဉ်ကို တီးခတ် ပြီး "ဒီသံစဉ်က ဘာကိုဖော်ပြသလည်း" ဟုမေးရာ Fanny J. Crosby က ချက်ချင်း "ယေရှုသည် ကျွန်ုပ်အတွက် စိတ်ချစရာ Blessed Assurance, Jesus is mine" ဟု ပြန်ဖြေသည် ဟုဆိုသည်။ နောက်ပိုင်း ထိုသံစဉ် အတိုင်း Fanny J. Crosby က စာသားကို ရှာဖွေပြီး ယနေ့တိုင် သီဆိုနေဆဲ ဓမ္မသီချင်းဖြစ်သည့် "Blessed Assurance" မွေးဖွားလာခဲ့သည်။

မစ္စနက်ပ် သည် ဇေ၀ံဂေလိ ဓမ္မသီချင်း ပုဒ်ရေ ၅၀၀ ကျော်ကို ထုတ်ဝေခဲ့ပြီး ထိုအထဲတွင် လူကြိုက်များသော "ဗိမ္မာန်တော်တံခါးများ ဖွင့်ပါ" (The Gate Of The Temple) လည်းပါဝင်သည်။
Fanny J. Crosby သည် အသက် ၉၅ နှစ်အရွယ် ကွယ်လွန်ခဲ့သည်။ သူမ၏ တေးသီချင်းများအားဖြင့် ယေရှုခရစ်တော်ကို ယုံကြည်ပြီး ကယ်တင်ခြင်း ရရှိသူတို့ နှင့် ဝိညာဉ်ရေးရာ၌ ကြွယ်ဝသော အသက်တာကို ရရှိသွားသူတို့သည် သူမစပ်ဆိုခဲ့သော တေးသီချင်းများကို ထာဝစဉ် အမှတ်ရနေမည်ဖြစ်သည်။

လာဇရု၏ အမဖြစ်သော မာရိသည် တန်ဖိုးကြီးသော ရေမွှေးနှင့် သခင်ယေရှု၏ ခြေဖဝါးကို လောင်းချသည့် အချိန်တွင် သခင်ယေရှုမိန့်တော်မူခဲ့သော နှုတ်ထွက်စကားဖြစ်သည့် "သူမသည် တတ်နိုင်သည့် အရာကို ပြု၏ She hath done what she could" ဟူသော စာသားကို ကွန်နက်တီကပ်ပြည်နယ် Bridgeport ရှိ သူမ၏ ခန္ဓာလဲလျောင်းရာ ဂူသင်္ချိုင်းအပေါ်တွင် ရေးထု ထားသည်။

Fanny J. Crosby ရေးသော လူကြိုက်များသည့် ဓမ္မသီချင်း အချို့တို့တွင်-

- All the Way My Savior Leads Me
- My Savior Fist of All
- Rescue the Perishing, Save by Grace

စသည်တို့ပါဝင်သည်။

Blessed Assurance With Lyrics
By arnoldedwinp




0:05 / 5:37